+ ၂၀၀၂
ဖေဖော်ဝါရီလ
၂၂ ရက်

# တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသန်းဦး၊
တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့်
ဒေါက်တာတင်အောင်အေး တို့၏ရှေ့တွင်

ဒေါ်ခင်ဝင်း
နှင့်
ဦးစိုးလွင် ပါ-၇*

တရားမကျင့်ထုံးဥပဒေအမိန့် ၆၊ နည်း ၁၇၊ နှစ်ဘက်အမှုသည်များသည် သက်သေပြပြီးကြ၍ လျှောက်လဲချက် ကြားနာရန်သာ ကျန်တော့သည့် အဆင့်တွင် အဆိုအချေများကို ခွင့်ပြုရန်သင့်-မသင့်၊ အယူခံမှုကိုကြားနာသည့် အချိန်ရောက်မှအဆိုလွှာကို ပြင်ဆင်နိုင်သလား၊ ဒီကရီကို ပယ်ဖျက်ပေးစေလိုမှုနှင့် ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုသည် ကွဲပြားခြားနားသည့် အမှုများ ဟုတ်-မဟုတ်၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၇၊ နည်း ၇ တရားရုံးသည် တရားလို၏ အဆိုလွှာတွင် ဖော်ပြထားခြင်းမရှိသော ခြားနားသည့် အကြောင်းခြင်းရာ အရသက်သာခွင့်ကို ပေးနိုင်-မနိုင်။

**ဆုံးဖြတ်ချက်။** တရားမကျင့်ထုံးဥပဒေ အမိန့် ၆ နည်း ၁၇ တွင် တရားရုံးသည် အမှုတွင် မည်သည့်အဆင့်၌မဆို တရားမျှတသော နည်းလမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ တစ်ဘက်ဘက်သောအမှုသည် အား အဆိုအချေများကို ပြောင်းလဲရန် သို့မဟုတ် ပြင်ဆင်ရန် ခွင့်ပြု နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

---

* ၂၀၀၁ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၇

\+ ၂၀၀၁ ခုနှစ် တရားမပထမအယူခံမှု ၄၇ တွင် ချမှတ်သော ၁၅-၆-၂၀၀၁ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်) ၏စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

အဆိုအချေအားပြင်ဆင်ခြင်းကို တရားရုံးက အမှုတစ်မှုစီ အခြေအနေအရ မိမိသဘောအတိုင်း ဆင်ဆင်ခြင်ခြင် ခွင့်ပြုရန်ဖြစ်သည်။ သို့ဖြစ်ရာ တစ်ဘက်အမှုသည်သည် သက်သေခံချက်များ တင်ပြပြီး၍ မိမိဘက်ကိုပိတ်ပြီးမှ အကြောင်းခြင်းရာငြင်းချက်အသစ်များ တင်ပြနိုင်ရန် ပြင်ဆင်ခြင်းမျိုးကို သာမန်အားဖြင့် ငြင်းပယ်မည်ဖြစ်ပေသည်။ ထိုနည်းတူ နှစ်ဘက်အမှုသည်များသည် သက်သေပြပြီးကြ၍ လျှောက်လဲချက်ကြားနာ ရန်သာ ကျန်တော့သည့်အဆင့်တွင် ငြင်းချက်အသစ်များတင်ပြနိုင်ရန် ပြင်ဆင်ခြင်းမျိုးကို သာမန်အားဖြင့် ငြင်းပယ်မည်ဖြစ်သည်။

ဥပဒေပြဋ္ဌာန်းချက်အရ မည်သည့်အဆင့်၌မဆို အဆိုအချေတို့ကို ပြင်ဆင်နိုင်သည်။ ဒုတိယအယူခံတွင်လည်း ပြင်ဆင်ခွင့် ပြုနိုင်သည် ဆိုခြင်းမှာမှန်သည်။ သို့ရာတွင် ထူးခြားသောအမှုမဟုတ်လျှင် အယူခံမှု တွင် ပြင်ဆင်ခွင့် မပြုနိုင်ပေ။ **အဒူလ်ဂျလားခန် နှင့် မန်တက်ခန် ပါ-၂ အမှု**[၁] တွင် အယူခံကို ကြားနာသည့်အချိန်ကျမှ အဆိုလွှာကို ပြင်ဆင်ခြင်း အား ထူးခြားသည့်အမှုများတွင်သာ ခွင့်ပြုရန်ဖြစ်ကြောင်း ညွှန်ပြ ထားသည်။

အမှုပုံစံနှင့် အတွင်းသရုပ် ပြောင်းလဲစေမည့် ပြင်ဆင်ချက်ကို ဒုတိယအယူခံမှုတွင် ခွင့်မပြုနိုင်ပေ။ ထို့ပြင် မူရင်းအဆိုအချေနှင့် လုံးဝ ဆန့်ကျင်သော ပြင်ဆင်မှုများကို လက်ခံရန် သင့်လျော်မည် မဟုတ်ပေ။ တရားစွဲဆိုနိုင်ရန် အကြောင်းတစ်ရပ်ကို အခြားတစ်ရပ်နှင့် အစား မထိုးနိုင်။ မှုဖြစ်အကြောင်းအရာကို ပြောင်းလဲခြင်း မပြုနိုင်။

**ထပ်မံဆုံးဖြတ်ချက်။** မူလအမှုနှင့် လုံးဝကွဲပြားသောအမှုကို အစား ထိုးခြင်းသည် မူလတောင်းဆိုချက်ကို ပြင်ဆင်ခြင်းဟု မဆိုနိုင်ပေ။ ဥပဒေ အခြေခံသဘောမှာ ခြားနားသော တရားစွဲဆိုနိုင်ရန်အကြောင်းအတွက် သီးခြားအမှုများ စွဲဆိုရန်ဖြစ်သည်။ ဒီကရီကို ပျက်ပြယ်ကြောင်း မြွက်ဟ၍ ပယ်ဖျက်ပေးစေလိုမှုနှင့် မိမိအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုတို့သည် တရားစွဲဆိုနိုင်ရန် အကြောင်းများ ခြားနားသည့် သီးခြားအမှုများ ဖြစ်ကြသည်။

ဒီကရီကို ပယ်ဖျက်ပေးစေလိုမှုနှင့် ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုတို့သည် ကွဲပြားခြားနားသည်။ တရားလိုသည် မိမိပိုင်ဆိုင်မှုကို အခိုင်အမာ ပြဆို

ရာတွင် မိမိလိုက်နာရန် တာဝန်ရှိသော ဒီကရီ သို့မဟုတ် မိမိပါဝင်ခဲ့သော အမှုတွင် ချမှတ်သည့် ဒီကရီကဲ့သို့သော မကျော်လွှားနိုင်သည့် အတားအဆီးကို ဖယ်ရှားခြင်းမပြုဘဲ ယင်းပိုင်ဆိုင်ခွင့်ကို အခိုင်အမာ ပြဆိုနိုင်မည် မဟုတ်လျှင် ဒီကရီကိုပယ်ဖျက်ပေးရန်ဖြစ်စေ၊ ပျက်ပြယ် ကြောင်း မြွက်ဟကြေညာပေးရန်ဖြစ်စေ တရားစွဲဆိုရမည်ဖြစ်သည်။

တစ်ဖက်တွင် ပိုင်ဆိုင်မှုကို အခိုင်အမာပြဆိုလိုသူ တရားလိုသည် အခြားသူများ အချင်းချင်းနှင့် သက်ဆိုင်သည့် ဒီကရီ၏ သို့မဟုတ် အမှုကိစ္စ၏ ခြိမ်းခြောက်ခြင်းခံရလျက်ရှိပြီး ထိုဒီကရီကို လုံးလုံးလျားလျား ပယ်ဖျက်ခွင့်ရနိုင်စွမ်း မရှိသော အခြေအနေတွင် ရှိနေပါမူ ကုစားနိုင်သည့် နည်းလမ်းမှန်မှာ ထိုဒီကရီသည် ၎င်းနှင့်စပ်လျဉ်း၍ ပျက်ပြယ်ကြောင်း မြွက်ဖော်ချက်ရယူရန်သာဖြစ်၍ ထိုဒီကရီကို ပယ်ဖျက်ပေးရန် စွဲဆိုခြင်း မပြုဘဲ ထိုဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုရသည်။

**ထပ်မံဆုံးဖြတ်ချက်။** တရားရုံးအနေဖြင့် သင့်တော်သော သက်သာခွင့်ကို ပေးနိုင်ရန် တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်း ၇ ကို ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သို့ရာတွင် တရားလိုသည် သီးခြားအကြောင်းရပ်အပေါ် အခြေခံကာ တစ်စုံတစ်ခုသောသက်သာခွင့်ကို တောင်းဆိုထားရာတွင် အဆိုလွှာ၌ လုံးဝဖော်ပြထားခြင်းမရှိသော ခြားနားသည့် အခြားအကြောင်းအရ ယင်းသက်သာခွင့်ကို ခွင့်မပြုနိုင်ပေ။ **ချစ်တီးနက်ဘဏ် လီမိတက် နှင့် ဦးတောအမှု**[၄] တွင် တရားလိုသည် အဆိုလွှာ၌ အဆိုပြုထားသည့် လိုအပ်သောအကြောင်းခြင်းရာကို သက်သေထင်ရှားပြရာ၌ အချို့သောသက်သာခွင့်ကို ရထိုက်လျှင် အတိအလင်းတောင်းဆိုသော သက်သာခွင့်များကို မပီမပြင် တောင်းဆိုထားစေကာမူ တရားရုံးသည် ထိုသက်သာခွင့်များကို ခွင့်ပြုရန်ဖြစ်ကြောင်း ထုံးဖွဲ့ထားသည်။

အဆိုပါအမှုမှာ တရားလိုက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ ၏ချွင်းချက်အရ အကျိုးဆက်သက်သာခွင့် တောင်းဆိုနိုင်ပါလျက် တောင်းဆိုရန် ပျက်ကွက်သည့်အတွက် အကျိုးဆက် သက်သာခွင့် တောင်းဆိုနိုင်ရန် အဆိုလွှာကို ပြင်ဆင်ခွင့်ပြုခဲ့သော အမှုဖြစ်သည်။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သော အကျိုးဆက်သက်သာခွင့်သည် မြွက်ဟဒီကရီနှင့် နီးနွယ်သော သက်သာခွင့်

ဖြစ်သည့်အပြင် အရေးဆိုသည့် အခွင့်အရေးနှင့် ဆီလျော်ပြီး ထိုအခွင့်အရေးမှ မလွဲမသွေ ပေါ်ပေါက်သော အကျိုးဆက်သက်သာခွင့် ဖြစ်ပေသည်။

ဒီကရီကို ပယ်ဖျက်ပေးသည့် သက်သာခွင့်နှင့် ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း မြွက်ဟကြေညာပေးသည့် သက်သာခွင့်သည် ခြားနားသည့်အကြောင်းအရာ သီးခြားသက်သာခွင့်များ ဖြစ်ကြသဖြင့် နောက်အကြောင်းအပေါ် အခြေခံကာ သက်သာခွင့် မပေးနိုင်။ တရားရုံးချုပ်က တရားလို၏ အဆိုလွှာတွင် ဖော်ပြထားခြင်းမရှိသည့် ခြားနားသည့် အခြားအကြောင်းအရ သက်သာခွင့်ကို ပေးခဲ့ခြင်းသည် မှားယွင်းပေသည်။

| | |
|---|---|
| အယူခံတရားလိုအတွက် | - ဦးတင်မြိုင် တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | - (၁) အတွက်ဦးအောင်သစ် တရားရုံးချုပ်ရှေ့နေ (၂) မှ (၇) တို့မလာ၊ |

ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅၁ တွင် အမှတ် ၁ အယူခံတရားပြိုင်ဦးစိုးလွင်က အယူခံတရားလို ဒေါ်ခင်ဝင်းနှင့် ကျန်အယူခံတရားပြိုင်များဖြစ်ကြသော ဦးမြင့်လွင်၊ ဦးကျော်မင်းဦး၊ ဒေါ်သီသီခိုင်၊ ဦးတာတာထွန်း၊ ဦးမောင်မောင်သန်းနှင့် ဒေါ်အေးမြင့်တို့အပေါ် ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်) ၏ တရားမကြီးမှုအမှတ် ၁၉၄/၉၈ တွင် ဒေါ်ခင်ဝင်းသည် ဦးမြင့်လွင်၊ ဦးကျော်မင်းဦး၊ ဒေါ်သီသီခိုင်၊ ဦးတာတာထွန်း တို့နှင့် မတရားပူးပေါင်းပြီး အနိုင်ဒီကရီကို မတရားရယူ၍ ၎င်းအား အချင်းဖြစ်တိုက်ခန်းမှ ဖယ်ရှားခဲ့သဖြင့် ယင်းဒီကရီမှာ ပျက်ပြယ်ကြောင်း မြွက်ဟ၍ပယ်ဖျက်ပေးစေလိုမှုနှင့် ဒေါ်ခင်ဝင်းလက်ဝယ်ရှိ အချင်းဖြစ်တိုက်ခန်း ၂ လွှာကို လက်ရောက်ရလိုမှုစွဲဆိုရာ တိုင်းတရားရုံးက အမှုကိုပလပ်သည်။ ယင်းစီရင်ချက်နှင့် ဒီကရီကို အမှတ် ၁ အယူခံတရားပြိုင် ဦးစိုးလွင်က မကျေနပ်၍ တရားရုံးချုပ် ၁၉၉၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၅၁ အရ အယူခံဝင်ရောက်ခဲ့ရာ တရားရုံးချုပ်က အယူခံကိုခွင့်ပြု၍ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ကာ အမှတ် ၁ အယူခံ

၂၀၀၂
ဒေါ်ခင်ဝင်း
နှင့်
ဦးစိုးလွင်
ပါ ၇

တရားပြိုင် ဦးစိုးလွင်စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ပေးသည်။ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ၂၀၀၀ ပြည့်နှစ်တရားစီရင်ရေး ဥပဒေပုဒ်မ ၇ အရ ပြန်လည်စစ်ဆေးပေးရန်အယူခံတရားလို ဒေါ်ခင်ဝင်း က လျှောက်ထားရာတွင် တရားရုံးချုပ်အထူးခုံရုံးက အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့် ပြုခဲ့သည်-

"မူလရုံးတရားလိုသည် ဒီကရီကို မတရားရယူပြီး မတရား ဖယ်ရှားခံရသဖြင့် ယင်းဒီကရီမှာ ပျက်ပြယ်ကြောင်း မြွက်ဟ၍ ပယ်ဖျက်ပေးစေလိုမှု စွဲဆိုရာ ပလပ်ခံရသည်တွင် တရားရုံးချုပ် က ယင်းဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း မြွက်ဟကြညာ ပေးခဲ့ခြင်းမှာ တရားလို တောင်းဆို သော သက်သာခွင့်နှင့် ဆက်နွယ်သော သက်သာခွင့်ဟု ကောက်ယူနိုင်ခြင်းရှိ-မရှိ။"

ဦးစိုးလွင်က ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီး ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၁၄ ဟုခေါ်တွင်သော မြေ၏ပိုင်ရှင်မှာ ဦးအုန်းသွင်နှင့် ဒေါ်မြင့်မြင့်ရီတို့ဖြစ်ပြီး ယင်းမြေပေါ်တွင် ၃ ထပ်တိုက် ကို အမှတ် ၂ တရားပြိုင် ဦးမြင့်လွင်နှင့်ဆောက်လုပ်ခဲ့ကြောင်း၊ အမှတ် ၂ တရားပြိုင် ဦးမြင့်လွင်က ၎င်းအကျိုးခံစားခွင့်ရှိသော မြေညီထပ် တိုက်ခန်း ၂ လွှာအား အမှတ် ၄ နှင့် ၅ တရားပြိုင်တို့အား အပျောက် စနစ်ဖြင့် ရောင်းချပြီး လက်ရောက်ပေးအပ်ခဲ့ကြောင်း၊ အမှတ် ၃ တရားပြိုင် ဦးကျော်မင်းဦးက အချင်းဖြစ်အခန်းကိုပင် အမှတ် ၂ တရားပြိုင်ထံမှ ဝယ်ယူထားသည်ဆိုသော အမှတ် ၂၊ ၄၊ ၅ တရားပြိုင် တို့အပေါ် တိုက်ခန်းအရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေ လိုမှုကို ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၉၈/၉၃ အရ စွဲဆိုခဲ့ကြောင်း၊ တိုင်းတရားရုံးက အမှတ် ၄ နှင့် ၅ တရားပြိုင်တို့သည် အချင်းဖြစ်တိုက်ခန်းကို အမှတ် ၂ တရားပြိုင်ထံမှ ဝယ်ယူပြီး လက်ရောက် ရယူခဲ့သည်မှာ မှန်ကြောင်း ဆုံးဖြတ်ပြီး အမှတ် ၃ တရားပြိုင်စွဲဆိုသော အမှုကို ပလပ်ခဲ့ကြောင်း၊ ထို့နောက် အမှတ် ၄ နှင့် ၅ တရားပြိုင်တို့၏ အထူးကိုယ်စားလှယ်စာရသူ ဦးသိန်းညွန့်ထံမှ အမှတ် ၆ တရားပြိုင်က အချင်းဖြစ်တိုက်ခန်းကို ဝယ်ယူပြီး လက်ရောက်ရယူခဲ့ကြောင်း၊ အမှတ် ၆ တရားပြိုင်သည် အချင်းဖြစ်တိုက်ခန်းကို အမှတ် ၇ တရားပြိုင်သို့ ရောင်းချပြီး လက်ရောက်ပေးအပ်ခဲ့ကြောင်း၊ ဦးစိုးလွင်သည် အမှတ် ၇

တရားပြိုင်ထံမှ အချင်းဖြစ်အခန်းကို ဝယ်ယူလက်ရောက်ရယူကာ သော့ခတ်ထားခဲ့ကြောင်း၊ ထိုနောက် အမှတ် ၁ တရားပြိုင်က အမှတ် ၂၊ ၃၊ ၄၊ ၅ တရားပြိုင်တို့အပေါ် အချင်းဖြစ်အခန်း လက်ရောက်ရလိုမှုကို ရန်ကုန်တိုင်းတရားရုံးတွင် တရားမကြီးမှုအမှတ် ၁၉၄/၉၈ အရ တရားစွဲဆိုခဲ့ကြောင်း၊ အမှတ် ၂၊ ၅ တရားပြိုင်တို့ထံ ဝန်ခံလွှာ တင်သွင်းခဲ့ကြောင်း၊ တိုင်းတရားရုံးက အချင်းဖြစ်အခန်းကို လက်ရောက်ပေးအပ်စေရန် ဒီကရီချမှတ်ထားခဲ့ကြောင်း၊ အမှတ် ၁ တရားပြိုင်သည် အနိုင်ဒီကရီကို အတည်ပြုရန် ဇာရီမှုဖွင့်ပြီး တရားရုံးမဟုတ်သူ တရားလိုအား အချင်းဖြစ်အခန်းမှ ဖယ်ရှားခဲ့ကြောင်း၊ အမှတ် ၁ တရားပြိုင်သည် အမှတ် ၂၊ ၃၊ ၄၊ ၅ တရားပြိုင်တို့နှင့် မမှန်မကန်ပူးပေါင်း၍ ဒီကရီရရှိအောင် ဆောင်ရွက်ခြင်းကြောင့် ယင်းဒီကရီသည် ပျက်ပြယ်အတည်မဖြစ်ကြောင်း မြွက်ဟ၍ အချင်းဖြစ်တိုက်ခန်းအား အမှတ် ၁ တရားပြိုင်ထံမှ လက်ရောက်ရယူသည့်ဒီကရီရထိုက်ကြောင်း အဆိုပြုသည်။

အမှတ် ၁ တရားပြိုင်ဒေါ်ခင်ဝင်းက အချင်းဖြစ်မြေညီထပ်တိုက်ခန်း ၂ လွှာကို အမှတ် ၂ တရားပြိုင် ကန်ထရိုက်တာ ဦးမြင့်လွင်ထံမှ ဦးစွာဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ အမှတ် ၄ နှင့် ၅ တရားပြိုင်တို့သည် အချင်းဖြစ်အခန်းကို အမှတ် ၁ တရားပြိုင်၏နောက်မှ ဝယ်ယူသူများဖြစ်ကြောင်း၊ အမှတ် ၄ နှင့် ၅ တရားပြိုင်တို့သည် အချင်းဖြစ်တိုက်ခန်း ၂ လွှာ၏ပိုင်ဆိုင်မှုကို မည်သည့်တရားရုံးကမှ ဒီကရီရရှိဘူးခြင်းမရှိကြောင်း၊ အမှတ် ၄၊ ၅ တရားပြိုင်တို့၏ကိုယ်စား ဦးသိန်းညွှန့်က လွှဲပြောင်းရောင်းချခြင်းမှာ တရားမဝင်သဖြင့် အမှတ် ၇ တရားပြိုင်ထံမှ တရားလိုက အချင်းဖြစ်အခန်းကို ဝယ်ယူခြင်းသည် တရားဝင် အရောင်းအဝယ် မမြောက်ကြောင်း၊ တရားလိုသည် ဇာရီမှုတွင် ဝရမ်းခွာလိုမှုလျှောက်ထားရမည်ဖြစ်ပါလျက် မဆောင်ရွက်ခဲ့ကြောင်း၊ တရားလိုစွဲဆိုသော အမှုပုံစံသည် မှားယွင်းကြောင်း ချေပသည်။

အမှတ် ၆ နှင့် ၇ တရားပြိုင်တို့က ဝန်ခံလွှာ တင်သွင်းကြသည်။

တိုင်းတရားရုံးက အမှတ် ၁ တရားပြိုင်သည် ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၁၉၄/၉၈ တွင် အမှတ် ၂၊ ၃၊ ၄ ၊ ၅ တရားပြိုင်တို့နှင့် မမှန်မကန် ပူးပေါင်းဆောင်ရွက်ပြီး ဒီကရီရရှိခဲ့ကြောင်း၊ သို့ရာတွင် တရားလိုသည် အဆိုပါအမှုတွင် အမှုသည်အဖြစ် ပါဝင်ခဲ့သူမဟုတ်ကြောင်း၊ ယင်းဒီကရီကို အတည်ပြုသည့် ဇာရီမှုအမှတ် ၃/၉၉

တွင် အပ်ဝရမ်းထုတ်ဆင့်ရာ၌ ဖယ်ရှားခြင်းခံရကြောင်း၊ ထိုစဉ်က တရားလိုသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၁၀၀ အရ အခန်း လက်ဝယ်ပြန်ရရှိရန် လျှောက်ထားခွင့်ရှိကြောင်း၊ ထိုသို့လျှောက်ထား ပါလျက် မအောင်မြင်သည့်အခါ နည်းဥပဒေ ၁၀၃ အရ မြွက်ဟ ကြေညာပေးစေလိုမှုစွဲဆိုနိုင်ကြောင်း၊ ထိုသို့ အခွင့်အရေးများ ရှိပါလျက် တရားလိုသည် ထိုကဲ့သို့လျှောက်ထားခြင်း၊ စွဲဆိုခြင်းများ မပြုလုပ်ခဲ့ကြောင်း၊ တရားလိုသည် တရားမကြီးမှုအမှတ် ၁၉၄/၉၈ တွင် အမှုသည်အဖြစ် ပါဝင်ခဲ့သူမဟုတ်ခြင်းကြောင့် အဆိုပါအမှုမှ ဒီကရီသည် ယင်းအမှုသည်များနှင့်သာ သက်ဆိုင်သဖြင့် တရားလိုအနေဖြင့် ဒီကရီကို ပျက်ပြယ်ကြောင်း တရားစွဲဆိုခွင့်မရှိကြောင်း၊ တရားလိုသည် ယင်းအမှု တွင် ချမှတ်ထားသောဒီကရီမှာ မမှန်မကန် ပူးပေါင်းရယူထားသော ဒီကရီဖြစ်ပါသည်ဟု အဆိုပြု၍ ၎င်းအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုသာ စွဲဆိုနိုင်မည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

တရားရုံးချုပ်က တရားမကြီးမှုအမှတ် ၁၉၄/၉၈ ၏ ဒီကရီကို ပျက်ပြယ်ကြောင်းမြွက်ဟ၍ ပယ်ဖျက်မပေးထိုက်သော်လည်း ယင်းဒီကရီသည် အဆိုပါအမှု၌ တရားလိုနှင့်တရားပြိုင်များ မတရား ပူးပေါင်း၍အမှုတွင် မပါဝင်သူတစ်ဦးအား နစ်နာစေရန် မရိုးမသားမမှန် မကန်မတရားပူးပေါင်းရယူထားသည့် ဒီကရီဖြစ်၍ ၎င်းဒီကရီသည် အယူခံတရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာ၍ လက်လွှတ်ခဲ့ရသည့်တိုက်ခန်းအား လက်ရောက်ပြန်ပေးထိုက်ကြောင်း သုံးသပ်ဆုံးဖြတ်သည်။

အယူခံတရားလို၏ရှေ့နေက တရားရုံးအနေဖြင့် တရားလို မတောင်းဆိုသောသက်သာခွင့်ကို ပေးနိုင်သော်လည်း ယင်းသက်သာခွင့် မျိုးသည် တရားလိုတောင်းဆိုသောသက်သာခွင့်နှင့် ဆက်နွယ်သော သက်သာခွင့်ဖြစ်ရမည်ဖြစ်ကြောင်း၊ ဒီကရီတစ်ရပ်မှာ ပျက်ပြယ်ကြောင်း မြွက်ဟပယ်ဖျက်ပေးစေလိုမှုအဖြစ် အတည့်အလင်း ဖော်ပြတောင်းဆို သည့် သက်သာခွင့်အစား ယင်းဒီကရီတစ်ရပ်မှာ တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးခဲ့ခြင်းမှာ လုံးဝ ဆန့်ကျင်ကွဲပြားခြားနားသော သက်သာခွင့်တစ်ရပ် တီထွင်ပေးထားခြင်း ဖြစ်ပါသဖြင့် တောင်းဆိုသောသက်သာခွင့်နှင့် ဆက်နွယ်သောသက်သာခွင့်

ဟု ကောက်ယူနိုင်ရန် အလွန်အလှမ်းဝေးလျက်ရှိကြောင်း၊ ဦးစိုးလွင်သည် မူလရုံး၌ ဒေါ်ခင်ဝင်းရရှိအတည်ဖြစ်ပြီးသော အနိုင်ဒီကရီကို မူလရုံးမှ တရားပြိုင်များနှင့် မတရားပူးပေါင်း၍ရယူသောဒီကရီအဖြစ် အဆိုပြုလျှက် ယင်းဒီကရီအား ပျက်ပြယ်ကြောင်းမြွက်ဟပယ်ဖျက်ပေးစေလိုမှုကို စွဲဆို ခြင်းဖြစ်ရာ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၃၉ မှ ၄၂ ဘောင် အတွင်းမှ စွဲဆိုခြင်းဖြစ်ကြောင်း၊ ထို့အပြင် ပိုင်ဆိုင်ခွင့်ကိုအခြေခံ၍ ပစ္စည်း လက်ရောက်ရလိုမှုကို စွဲဆိုထားပြန်ရာ သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၈ အရလည်း စွဲဆိုထားကြောင်း၊ သက်ရောက်မှုမရှိကြောင်း မြွက်ဟ ကြေညာပေးသည့် သက်သာခွင့်နှင့် အချင်းဖြစ်အခန်းလက်ရောက်ရရှိမှု သက်သာခွင့်နှစ်ရပ်တွင် တရားစွဲဆိုရန် အကြောင်းတူညီမှုမရှိသဖြင့် တရားလိုစွဲဆိုသောအမှုကို မူလရုံးကပလပ်ခဲ့ခြင်းမှာ မှားယွင်းသည်ဟုဆိုနိုင် မည်မဟုတ်ကြောင်း လျှောက်လဲတင်ပြသည်။

ဆက်လက်၍ အယူခံတရားလို၏ရှေ့နေက အမှတ် ၁ အယူခံ တရားပြိုင် ဦးစိုးလွင်၏ ယခုပြင်ဆင်တောင်းဆိုလိုသော သက်သာခွင့်မှာ ဤအမှု၌ ထုတ်နုတ်သော ပြဿနာနှင့်ထပ်တူဖြစ်ပြီး ယင်းပြဿနာကို ဤအထူး အယူခံမှုက ယခုပင်ကြားနာ၍ အဆုံးအဖြတ်ပြုနေပြီ ဖြစ်သော ကြောင့် အဆိုလွှာပြင်ဆင် ရန်အကြောင်းပင်မရှိတော့ကြောင်း၊ အဆိုလွှာ ပြင်ဆင်လိုသော တရားလို သည် မူလတောင်းဆိုထားသော သက်သာခွင့် အပြင် အမှုအတွင်းသရုပ် ပြောင်းလဲသွားမည်ဖြစ်သော ဆန့်ကျင်ခြားနား သော သက်သာခွင့်ကိုပါထပ်မံ တောင်းဆိုနေခြင်းဖြစ်၍ ပြင်ဆင်အဆိုလွှာ ကို ခွင့်မပြုသင့်ကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် ၁ အယူခံတရားပြိုင်၏ရှေ့နေက ဦးစိုးလွင်သည် အချင်း ဖြစ်တိုက်ခန်း ၂ လွှာကိုဝယ်ယူပြီး အိမ်ရှင်သို့ငှားရမ်းခများပေးသွင်းကြောင်း အမှုတွဲတွင်ပေါ်ပေါက်ပါသဖြင့် ဒေါ်ခင်ဝင်းက ရန်ကုန်တိုင်း (အရှေ့ပိုင်း ခရိုင်) တရားရုံး ၁၉၉၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၉၄ ကိုစွဲဆိုစဉ်က တိုက်ခန်း ၂ လွှာမှာ ဦးစိုးလွင်လက်ရှိဖြစ်သည်မှာ ယုံမှားဖွယ်မရှိကြောင်း၊ သို့ဖြစ်၍ ဒေါ်ခင်ဝင်းသည် အဆိုပါတိုက်ခန်းများကို လက်ရောက်ရလိုမှု စွဲဆိုရာ၌ ဦးစိုးလွင်သည် မပါမဖြစ်ပါဝင်ရန် လိုအပ်သည့်အမှုသည် ဖြစ်သော်လည်း ဒေါ်ခင်ဝင်းက ၄င်းကို တရားပြိုင်အဖြစ်မထည့်ခဲ့ကြောင်း၊ ဒေါ်ခင်ဝင်းက အနိုင်ရသောအမှုတွင် ဦးစိုးလွင်သည် အမှုသည်အဖြစ် မပါသည်သာမက ထိုအမှုမစွဲဆိုမီကပင် အချင်းဖြစ်တိုက်ခန်းများကို

လွှဲပြောင်းရယူပြီးဖြစ်၍ ဒေါ်ခင်ဝင်းရသောဒီကရီသည် ၎င်းအပေါ် အတည်မဖြစ်ကြောင်း၊ တရားမစွဲဆိုမီက အချင်းဖြစ်ပစ္စည်းလက်ရှိဖြစ်နေသည်ဖြစ်သော ဦးစိုးလွင်အား အမှုသည်အဖြစ်ထည့်ရန်ပျက်ကွက်သဖြင့် ဒီကရီသည် ဦးစိုးလွင်အပေါ် မီးသေခြင်းဆိုင်ရာဥပဒေအရ အတည်မဖြစ်ကြောင်း၊ ဦးစိုးလွင်သည် ဒေါ်ခင်ဝင်းရရှိသောဒီကရီကို လိုက်နာရန် တာဝန်မရှိ၍ ၎င်းအားအခန်းများမှ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၃၅ အရ ဖယ်ရှားခွင့်မရှိပါဘဲလျက် ဖယ်ရှားခံခဲ့ရာ၌ အဆိုပါဒီကရီသည် မိမိအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေရန် ရုံးခွန်ကျပ် ၃ဝ/- ထမ်းဆောင်ကာ တရားစွဲဆိုရမည့်အစား ရုံးခွန် ၁၅၀၀ဝ/- ကျပ်ထမ်းဆောင်ကာ ဒီကရီကို ပယ်ဖျက်ပေးရန် တရားစွဲဆိုခဲ့ကြောင်း၊ တောင်းဆိုသောသက်သာခွင့် ဆီလျော်ခြင်းမရှိကြောင်း၊ သို့ပါ၍ ဆီလျော်သောသက်သာခွင့်တောင်းဆိုရန် အဆိုလွှာကို ပြင်ဆင်ခွင့်လျှောက်ထားခြင်းဖြစ်ကြောင်း၊ တရားလိုသည် အဆိုလွှာ၌ အဆိုပြုထားသည့် လိုအပ်သောအကြောင်းချင်းရာကို သက်သေထင်ရှားပြရာ၌ အချို့သောသက်သာခွင့်ကို ရထိုက်လျှင် အတိအလင်းတောင်းဆိုသော သက်သာခွင့်များကို မပီမပြင်တောင်းဆိုထားစေကာမူ တရားရုံးသည် ထိုသက်သာခွင့်များကို ခွင့်ပြုရန်ဖြစ်ကြောင်း၊ ဦးစိုးလွင် သည် ဥပဒေနှင့်အညီမဟုတ်ဘဲ လက်လွှတ်လိုက်ရသောအခန်းများကို လက်ရောက်ပြန်ရထိုက်သည်မှာ မြင်သာကြောင်း၊ အချင်းဖြစ် ဒီကရီသည် ဦးစိုးလွင်အပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာသော ဒီကရီသည် အဆိုလွှာတွင် အဆိုပြုထားသောအမှုနှင့်လည်းကောင်း၊ မှားယွင်း၍တောင်းဆိုမိသော သက်သာခွင့်နှင့်လည်းကောင်း၊ မညီမညွတ် (not inconsistent) ဖြစ်သည်မဟုတ်ပါသဖြင့် တရားရုံးချုပ်က ချမှတ်ပေးသော မြွက်ဟဒီကရီသည် အမိန့် ၇၊ နည်း ၇ တွင် အကျုံးဝင်ကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် ၁ အယူခံတရားပြိုင် ဦးစိုးလွင်သည် အချင်းဖြစ်တိုက်ခန်းကို ကန်ထရိုက်တာ ဦးမြင့်လွင်ထံမှအဆင့်ဆင့် ဝယ်ယူခဲ့သူ ဒေါ်အေးမြင့်ထံမှထပ်ဆင့်ဝယ်ယူပြီး လက်ရှိထားခဲ့ရာမှ အယူခံတရားလို ဒေါ်ခင်ဝင်းက အမှတ် ၂ မှ ၅ အထိ အယူခံတရားပြိုင်တို့အပေါ် ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၁၉၄/၉၈ တွင် ရရှိခဲ့သည့် ဒီကရီကို အတည်ပြုဆောင်ရွက်ရာတွင် ယင်းအမှု၌ အမှုသည်အဖြစ်

မပါဝင်ခဲ့သူ ၎င်းအား အချင်းဖြစ်တိုက်ခန်းမှ ဖယ်ရှားခဲ့သဖြင့် အယူခံတရားလိုနှင့် အမှတ် ၂ မှ ၅ အထိ အယူခံတရားပြိုင်တို့သည် မတရားပူးပေါင်း၍ ဒီကရီရယူသည်ဆိုကာ အဆိုပါ ဒီကရီသည်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာ၍ အချင်းဖြစ်အခန်းကို လက်ရောက်ပေးစေရန် တရားစွဲဆိုခြင်းဖြစ်သည်။

ဤအထူးအယူခံတွင် အယူခံတရားပြိုင် ဦးစိုးလွင်က မူလမှုကို တရားလိုအဖြစ် တရားစွဲဆိုရာ၌ မိမိအမှုသည်အဖြစ်မပါသော အမှု၌ ချမှတ်သောဒီကရီကို ပယ်ဖျက်ပေးစေရန် သက်သာခွင့်တောင်းဆိုခဲ့ကြောင်း၊ အမှန်မှာ အဆိုပါဒီကရီသည် ဦးစိုးလွင်အပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေရန် သက်သာခွင့်တောင်းဆိုရမည်ဖြစ်ကြောင်း၊ အယူခံတရားလိုနှင့် ဦးစိုးလွင်တို့အကြား အမှန်အကယ် အငြင်းပွားမှုကို အပြီးအပြတ် ဆုံးဖြတ်နိုင်ရန်အလို့ငှာ ဆီလျော်သော သက်သာခွင့်တောင်းဆိုရန် အဆိုလွှာကိုပြင်ဆင်ရန် လိုအပ်ကြောင်း ဖော်ပြပြီး ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၁၅၁/၉၉ ၏ အဆိုလွှာကို ပြင်ဆင်ခွင့်ပြုရန် တရားမကျင့်ထုံးဥပဒေအမိန့် ၆၊ နည်း ၁၇ နှင့် ပုဒ်မ ၁၀၇ (၂) အရ လျှောက်ထားသည်။

အယူခံတရားလိုက အမှတ် ၁ အယူခံတရားပြိုင် ဦးစိုးလွင်၏ ၁-၁-၂၀၀၂ ရက်စွဲပါ အဆိုလွှာပြင်ဆင်ရန် လျှောက်ထားချက်သည် အမှု၏ နောက်ကျသောအဆင့်တွင် အမှုအနိုင်ရရေးအတွက် စိတ်မျက်နှာပြောင်းကာ လုံးဝခြားနားသော အခြားအကြောင်းဖြင့် လျှောက်ထားခြင်းဖြစ်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၆၊ နည်း ၁၇ နှင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၇ (၂) တို့နှင့်ကိုက်ညီမှုမရှိကြောင်း၊ ပြင်ဆင်လိုသော အဆိုလွှာ၌ မူလတောင်းဆိုသော သက်သာခွင့်များအပြင် အမှုအတွင်းသရုပ် ပြောင်းလဲသွားမည်ဖြစ်သော ခြားနားသောသက်သာခွင့်ပါ ထပ်မံတောင်းဆိုကာ ပြင်ဆင်လိုခြင်းဖြစ်သောကြောင့် ပြင်ဆင်အဆိုလွှာကို မူလကပင် လက်ခံစဉ်းစားရန်မလိုကြောင်း ကန့်ကွက်တင်ပြသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၆၊ နည်း ၁၇ တွင် တရားရုံးသည် အမှုတွင် မည်သည့်အဆင့်၌မဆို တရားမျှတသော နည်းလမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ တစ်ဘက်ဘက်သော အမှုသည်အား အဆိုအချေများကို ပြောင်းလဲရန် သို့မဟုတ် ပြင်ဆင်ရန် ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

၂၀၀၂
ဒေါ်ခင်ဝင်း
နှင့်
ဦးစိုးလွင်
ပါ ၇

အဆိုအချေများပြင်ဆင်ခြင်းကို တရားရုံးက အမှုတစ်မှုစီ အခြေအနေအရ မိမိသဘောအတိုင်း ဆင်ဆင်ခြင်ခြင်ခွင့်ပြုရန်ဖြစ်သည်။ သို့ဖြစ်ရာ တစ်ဘက်အမှုသည် သက်သေခံချက်များတင်ပြပြီး၍ မိမိဘက်ကိုပိတ်ပြီးမှ အကြောင်းခြင်းရာငြင်းချက်အသစ်များ တင်ပြနိုင်ရန် ပြင်ဆင်ခြင်းမျိုးကို သာမန်အားဖြင့် ငြင်းပယ်မည်ဖြစ်ပေသည်။ ထိုနည်းတူ နှစ်ဘက်အမှုသည်များသည် သက်သေပြပြီးကြ၍ လျှောက်လဲချက်ကြားနာရန်သာ ကျန်တော့သည့်အဆင့်တွင် ငြင်းချက်အသစ်များ တင်ပြနိုင်ရန် ပြင်ဆင်ခြင်းမျိုးကို သာမန်အားဖြင့် ငြင်းပယ်မည်ဖြစ်သည်။

ဥပဒေပြဋ္ဌာန်းချက်အရ မည်သည့်အဆင့်၌မဆို အဆိုအချေတို့ကိုပြင်ဆင်နိုင်သည်။ ဒုတိယအယူခံတွင်လည်း ပြင်ဆင်ခွင့်ပြုနိုင်သည်ဆိုခြင်းမှာမှန်သည်။ သို့ရာတွင် ထူးခြားသောအမှုမဟုတ်လျှင် အယူခံမှုတွင် ပြင်ဆင်ခွင့် မပြုနိုင်ပေ။ **အဒူလ်ဂျလားခန် နှင့် မန်တက်ခန် ပါ ၂ အမှု** (၁) တွင် အယူခံကို ကြားနာသည့်အချိန်ကျမှ အဆိုလွှာကို ပြင်ဆင်ခြင်းအား ထူးခြားသည့်အမှုများတွင်သာ ခွင့်ပြုရန်ဖြစ်ကြောင်း ညွှန်ပြထားသည်။

အမှုပုံစံနှင့် အတွင်းသရုပ်ပြောင်းလဲစေမည့် ပြင်ဆင်ချက်ကို ဒုတိယအယူခံမှုတွင် ခွင့်မပြုနိုင်ပေ။ ထို့ပြင် မူရင်းအဆိုအချေနှင့် လုံးဝဆန့်ကျင်သော ပြင်ဆင်မှုများကို လက်ခံရန် သင့်လျော်မည် မဟုတ်ပေ။ တရားစွဲဆိုနိုင်ရန် အကြောင်းတစ်ရပ်ကို အခြားတစ်ရပ်နှင့် အစားမထိုးနိုင်။ မှုဖြစ်အကြောင်းအရာကို ပြောင်းလဲခြင်း မပြုနိုင်။

**မချွေမြ နှင့် မောင်မိုးနှောင်းအမှု**(၂) တွင် ပရီဗွီကောင်စီက အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်-

> " တရားရုံးများ၏ နည်းဥပဒေများသည် တရားစီရင်မှုချောမွေ့စေရန် ရည်ရွယ် ပြဋ္ဌာန်းချက်မျှသာ ဖြစ်သည်။ ထိုနည်းဥပဒေများသည် ထိုရည်ရွယ်ချက်ကို အထမြောက်စေရန်လိုသည်။ သို့ဖြစ်၍ အဆိုအချေများ ပြင်ဆင်ခွင့်အပြည့်အဝရရှိစေရမည်။ ရက်ရက်ရောရော ကျင့်သုံးရမည်။ သို့ရာတွင် ကွဲပြားသော အကြောင်းခြင်းရာတစ်ရပ်ကို အခြားတစ်ရပ်နှင့် အစားထိုးနိုင်ရန်ဖြစ်စေ၊ ပြင်ဆင်သည့်နည်းဖြင့် အမှု

(၁) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၂၁၉ (ရုံးချုပ်)
(၂) အထက်မြန်မာပြည်အတွဲ ၄ စာ-၃၀

၏မူဖြစ်အကြောင်းအရာကို ပြောင်းလဲနိုင်ရန်ဖြစ်စေ အာဏာ ပေးထားခြင်းမရှိသေးချေ။ "

၂၀၀၂ ဒေါ်ခင်ဝင်း နှင့် ဦးစိုးလွင် ပါ ၇

**ဒေါ်ခင်မြင့် နှင့် ဦးထွန်းစိန်အမှု[၃] တွင်လည်း**

" မူလအမှုနှင့် လုံးဝကွဲပြားသောအမှုကို အစားထိုးခြင်းသည် မူလတောင်းဆိုချက်ကို ပြင်ဆင်ခြင်းဟု မဆိုနိုင်ကြောင်း၊ မူလဖွဲ့စည်း တည်ဆောက်သည့်အမှုတွင် ဖော်ပြထားသည့် အငြင်းပွားမှုကို အဆုံးအဖြတ်ပေးရန်အတွက် လုံးဝကွဲပြားသော အမှုသစ်သည် လိုအပ်သည်ဟု မဆိုနိုင်ကြောင်း၊ ဥပဒေ၏ အခြေခံသဘောမှာ ခြားနားသော တရားစွဲဆိုနိုင်ရန်အကြောင်း အတွက် သီးခြားအမှုများစွဲဆိုရန်ဖြစ်သည် " ဟု ထုံးဖွဲ့ထားသည်။

မူလအမှုနှင့်လုံးဝကွဲပြားသောအမှုကို အစားထိုးခြင်းသည် မူလတောင်းဆိုချက်ကို ပြင်ဆင်ခြင်းဟု မဆိုနိုင်ပေ။ ဥပဒေအခြေခံသဘောမှာ ခြားနားသောတရားစွဲဆိုနိုင်ရန်အကြောင်းအတွက် သီးခြားအမှုများ စွဲဆိုရန်ဖြစ်သည်။ ဒီကရီကို ပျက်ပြယ်ကြောင်း မြွက်ဟ၍ ပယ်ဖျက်ပေး စေလိုမှုနှင့် မိမိအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း မြွက်ဟကြေညာ ပေးစေလိုမှုတို့သည် တရားစွဲဆိုနိုင်ရန် အကြောင်းများ ခြားနားသည့် သီးခြားအမှုများဖြစ်ကြသည်။

ဒီကရီကို ပယ်ဖျက်ပေးစေလိုမှုနှင့် ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုတို့သည် ကွဲပြားခြားနားသည်။ တရားလိုသည် မိမိပိုင်ဆိုင်မှုကို အခိုင်အမာ ပြဆိုရာတွင် မိမိလိုက်နာရန် တာဝန်ရှိသော ဒီကရီ သို့မဟုတ် မိမိပါဝင် ခဲ့သောအမှုတွင် ချမှတ်သည့် ဒီကရီကဲ့သို့သော မကျော်လွှားနိုင်သည့် အတားအဆီးကို ဖယ်ရှားခြင်းမပြုဘဲ ယင်းပိုင်ဆိုင်ခွင့်ကို အခိုင်အမာ ပြဆိုနိုင်မည်မဟုတ်လျှင် ထိုဒီကရီကို ပယ်ဖျက်ပေးရန်ဖြစ်စေ၊ ပျက်ပြယ် ကြောင်း မြွက်ဟကြေညာပေးရန်ဖြစ်စေ တရားစွဲဆိုရမည်ဖြစ်သည်။

တစ်ဖက်တွင် ပိုင်ဆိုင်မှုကို အခိုင်အမာပြဆိုလိုသူ တရားလိုသည် အခြားသူများအချင်းချင်းနှင့် သက်ဆိုင်သည့်ဒီကရီ သို့မဟုတ် အမှုကိစ္စ၏ ခြိမ်းခြောက်ခြင်းခံရလျက်ရှိပြီး ထိုဒီကရီကို လုံးလုံးလျားလျား ပယ်ဖျက်ခွင့် ရနိုင်စွမ်းမရှိသောအခြေအနေတွင် ရှိနေပါမူ ကုစားနိုင်သည့်နည်းလမ်းမှန် မှာ ထိုဒီကရီသည် ၎င်းနှင့်စပ်လျဉ်း၍ ပျက်ပြယ်ကြောင်း မြွက်ဖော်ချက်

---

(၃) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၀၁၀

ရယူရန်သာဖြစ်၍ ထိုဒီကရီကို ပယ်ဖျက်ပေးရန် စွဲဆိုခြင်းမပြုဘဲ ထိုဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုရသည်။

ထို့ကြောင့် အမှတ် ၁ အယူခံတရားပြိုင်၏ လျှောက်ထားချက်ကို ခွင့်ပြုပါက တရားစွဲဆိုနိုင်ရန် အကြောင်းတစ်ရပ်ကို အခြားတစ်ရပ်နှင့် အစားထိုးရာရောက်မည်ဖြစ်သည်။ သို့ဖြစ်၍ အမှတ် ၁ အယူခံတရားပြိုင်၏ အဆိုလွှာပြင်ဆင်ခွင့်ပြုပါရန် လျှောက်ထားခြင်းကို ပယ်သည်။

တရားရုံးချုပ်က တရားမကြီးမှုအမှတ် ၁၉၄/၉၈ ၏ ဒီကရီကို ပျက်ပြယ်ကြောင်း မြွက်ဟ၍ ပယ်ဖျက်မပေးထိုက်ကြောင်း တွေ့ရှိခဲ့သည်။ သို့ရာတွင် ၎င်းဒီကရီသည် အမှတ် ၁ အယူခံတရားပြိုင်အပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာ၍ အချင်းဖြစ်အခန်းကို လက်ရောက်ပေးအပ်ခဲ့သည်။

တရားရုံးအနေဖြင့် သင့်တော်သော သက်သာခွင့်ကို ပေးနိုင်ရန် တရားမကျင့်ထုံးဥပဒေ အမိန့် ၇ နည်း ၇ ကို ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သို့ရာတွင် တရားလိုသည် သီးခြားအကြောင်းရပ်အပေါ် အခြေခံကာ တစ်စုံတစ်ခုသော သက်သာခွင့်ကို တောင်းဆိုထားရာတွင် အဆိုလွှာ၌ လုံးဝဖော်ပြထားခြင်းမရှိသော ခြားနားသည့် အခြားအကြောင်းအရ ယင်းသက်သာခွင့်ကို ခွင့်မပြုနိုင်ပေ။

**ချစ်တီးနက်ဘဏ်လီမိတက် နှင့် ဦးတောအမှု**[၄] တွင် တရားလိုသည် အဆိုလွှာ၌ အဆိုပြုထားသည့် လိုအပ်သောအကြောင်းခြင်းရာကို သက်သေထင်ရှားပြရာ၌ အချို့သောသက်သာခွင့်ကို ရထိုက်လျှင် အတိအလင်း တောင်းဆိုသော သက်သာခွင့်များကို မပီမပြင် တောင်းဆိုထားစေကာမူ တရားရုံးသည် ထိုသက်သာခွင့်များကို ခွင့်ပြုရန်ဖြစ်ကြောင်း ထုံးဖွဲ့ထားသည်။

အဆိုပါအမှုမှာ တရားလိုက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်အရ အကျိုးဆက်သက်သာခွင့် တောင်းဆိုနိုင်ပါလျက် တောင်းဆိုရန် ပျက်ကွက်သည့်အတွက် အကျိုးဆက်သက်သာခွင့် တောင်းဆိုနိုင်ရန် အဆိုလွှာကို ပြင်ဆင်ခွင့်ပြုခဲ့သောအမှုဖြစ်သည်။

သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သော အကျိုးဆက်သက်သာခွင့်သည် မြွက်ဟဒီကရီနှင့် နီးနွယ်သော သက်သာခွင့်

---

(၄) ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၅၆ (လွှတ်တော်)

ဖြစ်သည့်အပြင် အရေးဆိုသည့်အခွင့်အရေးနှင့် ဆီလျော်ပြီး ထိုအခွင့်အရေးမှ မလွဲမသွေ ပေါ်ပေါက်သော အကျိုးဆက်သက်သာခွင့် ဖြစ်ပေသည်။

ဒီကရီကို ပယ်ဖျက်ပေးသည့် သက်သာခွင့်နှင့် ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးသည့် သက်သာခွင့်သည် ခြားနားသည့်အကြောင်းအရာ သီးခြားသက်သာခွင့်များ ဖြစ်ကြသဖြင့် နောက်အကြောင်းအပေါ် အခြေခံကာ သက်သာခွင့် မပေးနိုင်။ တရားရုံးချုပ်က တရားလို၏အဆိုလွှာတွင် ဖော်ပြထားခြင်း မရှိသည့် ခြားနားသည့် အခြားအကြောင်းအရ သက်သာခွင့်ကို ပေးခဲ့ခြင်းသည် မှားယွင်းပေသည်။

သို့ဖြစ်၍ ကြားနာလျက်ရှိသော ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

" မူလရုံးတရားလိုသည် ဒီကရီကို မတရားရယူပြီး မတရားဖယ်ရှားခံရသဖြင့် ယင်းဒီကရီမှာ ပျက်ပြယ်ကြောင်း မြွက်ဟ၍ ပယ်ဖျက်ပေးစေလိုမှု စွဲဆိုရာ ပလပ်ခံရသည်တွင် တရားရုံးချုပ်က ယင်းဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးခဲ့ခြင်းသည် တရားလိုတောင်းဆိုသော သက်သာခွင့်နှင့် ဆက်နွယ်သော သက်သာခွင့်ဟု ကောက်ယူနိုင်ခြင်းမရှိကြောင်း "

ဤအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေခ ကျပ် ၃၀၀၀/- သတ်မှတ်သည်။